# မြန်မာ့အလင်း

အတွဲ (၅၄) အမှတ် (၈၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏တန်ခိုးကြီးမား အဆုံးအမသုံးသပ်သဲ တရား**

**မြတ်ဗုဒ္ဓ၏တန်ခိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# လယ်ယာမြေများ၊ သားငါးထုတ်လုပ်နိုင်မှု၊ သစ်တောအခြေခံကောင်းများသည် ဖွံ့ဖြိုးစေမည့်အထောက်အပံ့ဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သံတွဲမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် သံတွဲမြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ လူမှုကွန်ရက်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများနှင့် နောင်အနာဂတ်ကာလများတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရန် ဒေသခံပြည်သူများနှင့် လက်တွဲ၍ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်၍ ရခိုင်

စာမျက်နှာ ၈ ကော်လံ ၁ ✲

**"ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနှေးကွေးနေသည့်အတွက် ပြည်ထောင်စု ခွင့်ပြုဘဏ္ဍာငွေများအပြင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှလည်း ဖြည့်ဆည်းပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ"**



# ကမ္ဘာလှည့်သင်္ဘောနှစ်စင်း ရန်ကုန်မြို့သို့ ဆိုက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အမေရိကန်အခြေစိုက် Silversea ကုမ္ပဏီမှ MV Silver Winds ကမ္ဘာလှည့်သင်္ဘောကြီးသည် ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ အဆိုပါသင်္ဘောပေါ်တွင် အမေရိကန်နှင့် ဥရောပသားများ အများဆုံးပါရှိပြီး ကမ္ဘာလှည့်ခရီးသည် ၂၇၀ လိုက်ပါလာကြသည်။ Myanmar Voyages ကုမ္ပဏီ၏ စီစဉ်မှုဖြင့် အဆိုပါ ကမ္ဘာလှည့် ခရီးသည်များသည် ရန်ကုန်မြို့ တစ်ဝိုက်၊ ပဲခူး၊ ပုဂံနှင့် မန္တလေးမြို့သို့ သွားရောက်

စာမျက်နှာ ၇ ကော်လံ ၂ ■


(ယနေ့) မာတိကာ

ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပညာရေးကဏ္ဍ
ဆောင်းပါး — စာ > ၆

ဂါးဒီးယန်းတစ်နှစ်တာ အကောင်းဆုံးဘောလုံးသမား ဆုရ ဒိုလေး — စာ > ၁၃





## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုသတင်း

*❁ ကျောဖုံးမှ*

ဆက်လက်၍ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကိုချီးမြှင့်ရာ အကောင်းဆုံးရုပ်ရှင် တေးဂီတဆုအတွက် ကြယ်စင်မော်ကွန်း ဇာတ်ကားမှ ဂီတမှူး စန္ဒရားတင်ဝင်းလှိုင်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုအတွက် "စုန်းပြူး" ဇာတ်ကားမှ ခိုင်သင်းကြည်ကလည်းကောင်းရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီ ရွှေစင်ရုပ်ဆုများချီးမြှင့်ကာ ဆုရရှိကြသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြသည်။

ထို့နောက် ရုပ်ရှင်အနုပညာရှင်များ၏ မျိုးဆက်သစ် သားသမီးငယ်များက ခေတ်လေးခေတ်ဖြတ်သန်းခဲ့သော ရုပ်ရှင်သမိုင်းကြောင်းအား "ကြယ်စင်လင်းတဲ့ မြန်မာ့ရုပ်ရှင်" တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်သည်။



""ကြယ်စင်မော်ကွန်း""ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တေးဂီတဆု ရရှိသူ ဂီတမှူး စန္ဒရားတင်ဝင်းလှိုင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု လက်ခံယူစဉ်။ (သတင်းစဉ်)

ယင်းနောက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုအတွက် "နင်စေရင်"ဇာတ်ကားမှ မင်းဦးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုအတွက် "စေတန်ရဲ့ ကချေသည်"ဇာတ်ကားမှ ဒါရိုက်တာဝိုင်းကလည်းကောင်းရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီရွှေစင်ရုပ်ဆုများ ချီးမြှင့်ကာ ဆုရရှိကြသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်းကို မြန်မာ့စောင်းလက်သံနှင့် လေဆာစောင်း (Laserhurb)တို့ဖြင့် တွဲဖက်တီးခတ်ကာ ကကွက်များဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုအတွက် "နင်စေရင်"ဇာတ်ကားမှ ဝတ်မှုန်ရွှေရည်ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုအတွက် "နင်စေရင်"ဇာတ်ကားမှ ပြေတီဦးကလည်းကောင်း ရရှိကြပြီး တာဝန်ရှိသူများက အကယ်ဒမီရွှေစင်ရုပ်ဆုများ ချီးမြှင့်ကာ ဆုရရှိကြသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြသည်။



""နင်စေရင်""ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသူ မင်းဦး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု လက်ခံယူစဉ်။ (သတင်းစဉ်)



""နင်စေရင်""ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ရရှိသူ ဝတ်မှုန်ရွှေရည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု လက်ခံယူစဉ်။ (သတင်းစဉ်)



၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ၏ ပျော်ရွှင်ကြည်နူးမှုများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသူ ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ယခုနှစ် ဆုပေးပွဲတွင် ၂၀၁၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၅ ကားရှိပြီး အကောင်းဆုံး အနုပညာစွမ်းဆောင်ချက်များအပေါ် စိစစ်၍ ဆန်ခါတင်ခြောက်ကားအနက်မှ ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွှန်းလဲ့တောက်ပ ငွေကြယ်ပွင့်တို့ရဲ့ အကယ်ဒမီည ဆုရရှိသူတို့၏ ရင်ခုန်စကား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ထူးခြားသောဒီဇိုင်းဖြင့် ပြင်ဆင်ထားသည့် အကယ်ဒမီထူးချွန်ဆု ချီးမြှင့်ပွဲစင်မြင့်။ လင်းလက်ဖြာကျနေသော မီးရောင်များ၊ အကယ်ဒမီ ရွှေစင်ရုပ်ဆုကို စိတ်ဝင်စားဖွယ် လှုပ်ရှားပြသနေသော အယ်လ်အီးဒီဖန်သားပြင်၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အမူအရာများနှင့် တက်ရောက်လာကြသော အနုပညာငွေကြယ်ပွင့်များ၊ ၂၀၁၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကျင်းပရာ ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ခန်းမအတွင်းအကယ်ဒမီထူးချွန်ဆု ကြေညာသံများ၊ ဆုချီးမြှင့်ခံရသည့် အနုပညာရှင်များ၏ ပြုံးပျော်နေသည့် အမူအရာ ဟန်ပန်များနှင့် ဝိုင်းဝန်းဂုဏ်ပြု နှုတ်ဆက်နေကြသည့် အနုပညာရှင် ညီအစ်ကို မောင်နှမများ၏ ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကယ်ဒမီဆု ချီးမြှင့်ပွဲကား ရင်ခုန်လှိုက်မောဖွယ်ရာအသစ်အသစ်သော တင်ဆက်မှုများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိရာ အကယ်ဒမီဆု ချီးမြှင့်ခြင်းခံရသည့် အနုပညာရှင်များ၏ ရင်ခုန်စကားများကို တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

တွေ့ဆုံမေးမြန်း- မောင်မောင်မြင့်ဆွေ၊ ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ မောင်စိန်လွင်(မြန်မာ့အလင်း)

**အကောင်းဆုံး မြန်မာ့ရုပ်ရှင်တေးဂီတဆုရှင်**
**စန္ဒရားတင်ဝင်းလှိုင်**
**ကြယ်စင်မော်ကွန်း ရုပ်ရှင်ဇာတ်ကား**

ဆရာသမားတွေရဲ့ ကျေးဇူးကို အဖန်ဖန်အောက်မေ့ပြီး ပြန်လည်ပေးဆပ်လိုပါတယ်။ အထူးသဖြင့် ကြယ်စင်မော်ကွန်း ဇာတ်ကားရဲ့ ဒါရိုက်တာ ပန်းချီဦးစိုးမိုးနဲ့ ဇာတ်ညွှန်းဆရာပါ။ ကျွန်တော်တေးဂီတကို လက်နဲ့ အကောင်းဆုံး တီးခတ်ပုံဖော်နိုင်ပေမယ့် ဇာတ်ကားတစ်ကားလုံးက ပါဝင်သူအားလုံးကောင်းမွန်မှုကြောင့် ဖြစ်ပါတယ်။ ရှစ်နှစ်လုံးလုံး ကျွန်တော်မတီးဖြစ်ခဲ့ဘူး။ ပထမဆုံးပြန်စတီးတဲ့ ဇာတ်ကားတစ်ကားဖြစ်ပြီး အခုလို ဆုချီးမြှင့်ခံခဲ့ရတဲ့အတွက် အထူးဂုဏ်ယူပါတယ်။



**အကောင်းဆုံးမြန်မာ့ရုပ်ရှင်**
**အမျိုးသမီးဇာတ်ပို့ဆု ခိုင်သင်းကြည်**
**စုန်းပြူး ရုပ်ရှင်ဇာတ်ကား**

အနုပညာမောင်နှမတွေကရော ပရိသတ်ကြီးကပါ ကျွန်မဆုရရှိဖို့ ဆုတောင်းပေးကြတယ်။ ဒီဆုက ကျွန်မကို အကယ်ဒမီရစေချင်တဲ့ ပရိသတ်ကြီးအတွက်လည်း ရယူပေးနိုင်ခဲ့တယ်လို့ မှန်သောသစ္စာစကားကို ပြောလိုပါတယ်။ အကယ်ဒမီဆိုတာ အနုပညာရှင်တိုင်းရဲ့ မှတ်တိုင်ပါ။ စုန်းပြူးဇာတ်ကားမှာ အကောင်းဆုံးလည်း ကြိုးစားခဲ့တဲ့အပေါ် ယုံကြည်မိပေမယ့် အကယ်ဒမီဆုပေးပွဲနီးလာလေလေ ရင်ခုန်လာလေလေ ဖြစ်မိတယ်။

ဒီဇာတ်ကားလေးက အခြေခံလူတန်းစားမိသားစုရဲ့ ဘဝကို သရုပ်ဖော်ထားပြီး ဒရာမာဇာတ်ကားကောင်းပါ။ အကယ်ဒမီက ကျွန်မဝါသနာအရ အနုပညာအလုပ်တွေ ဆက်လက်လုပ်ကိုင်သွားဖို့ ခွန်အားတစ်ရပ် ဖြစ်စေခဲ့ပါတယ်။



**အကောင်းဆုံးမြန်မာ့ရုပ်ရှင်**
**အမျိုးသားဇာတ်ပို့ဆု မင်းဦး**
**နင်စေရင် ရုပ်ရှင်ဇာတ်ကား**

အကောင်းဆုံး ကြိုးစားထားခဲ့ပါတယ်။ အကယ်ဒမီဆုရဖို့ကိုတော့ မမျှော်လင့်ခဲ့ပါဘူး။ ဗီလိန်ဇာတ်ရုပ်ဖြစ်ပေမယ့် ပရိသတ်ကြီးအတွက် အကောင်းဆုံး ဖျော်ဖြေပေးနိုင်ဖို့ပဲ ကျွန်တော်တွေးထားခဲ့တယ်။ ဒါရိုက်တာဝိုင်းအပါအဝင် ဇာတ်ကားတစ်ကားလုံးက မောင်နှမတွေအားလုံးရဲ့ပံ့ပိုးမှုကြောင့် ဒီဆုကိုရခဲ့တာပါ။ အနုပညာလောကထဲကို မွေးဖွားပေးခဲ့တဲ့ ဆရာဦးခင်ဇော်ကို ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော့်အတွက် အနုပညာလမ်းကြောင်းမှာ ဆက်လက်လျှောက်လှမ်းခွင့်ရဖို့ အားဆေးပါ။ ကျေးဇူးရှင် ပရိသတ်ကြီးကို အမြဲလေးစားစွာနဲ့ ပိုမိုကြိုးစားသွားပါ့မယ်။

**အကောင်းဆုံး မြန်မာ့ရုပ်ရှင်**
**ဒါရိုက်တာဆု ဝိုင်း**
**စေတန်ရဲ့ကချေသည် ရုပ်ရှင်ဇာတ်ကား**

ဒီနှစ်မှာ ကျွန်တော့်ရဲ့ဇာတ်ကား နှစ်ကားက ဆန်ခါတင်စာရင်းထဲမှာ ပါခွင့်ရခဲ့တယ်။ စေတန်ရဲ့ကချေသည် ဇာတ်ကားက ရိုမန့်တစ်ဒရာမာကားတစ်ကား ဖြစ်ပါတယ်။ Broken Family ကြုံတွေ့ခဲ့ရတဲ့ ကလေးတွေရဲ့ စိတ်ခံစားမှုကို ကျွန်တော်အများကြီး လေ့လာခဲ့တယ်။ သရုပ်ဆောင်တွေ ရွေးချယ်တာကအစ ဇာတ်ကားအစအလယ်အဆုံး သတိထားခဲ့တယ်။အချစ်ဇာတ်ကားဆိုပေမယ့် ဇာတ်လမ်းရဲ့ဇာတ်ကွက်တိုင်းဟာ အားပြင်းတဲ့အချက်တွေ ပါဝင်တယ်။ ကျွန်တော့်ကိုအားပေးကြတဲ့ ပရိသတ်ကြီးရော၊ ကျွန်တော့်ရဲ့ဆန္ဒတွေကို အကောင်အထည်ဖော်ပေးခဲ့တဲ့ အနုပညာမောင်နှမတွေအားလုံးကိုရော အထူး ကျေးဇူးတင်ပါတယ်။ အနုပညာရှင်တွေအတွက် အနုပညာထူးချွန်ဆု ရွှေစင်ရုပ်ဆုဟာ အဖိုးမဖြတ်နိုင်တဲ့ ရတနာဖြစ်ပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

*စာမျက်နှာ ၄ မှ*

အသက် ၁၇ နှစ်ကတည်းကနေ အခုချိန်ထိ ဖြတ်သန်းခဲ့တဲ့ အနုပညာခရီးကြမ်းတစ်လျှောက် အတူပါဝင်ခဲ့ကြသူတွေအားလုံးနဲ့ ဆရာသမားတွေအားလုံးကို အလွန်ကျေးဇူးတင်ပါတယ်။ ဒီဆုရတာဟာ ရုပ်ရှင်လောကတိုးတက်ဖွံ့ဖြိုးမှုအတွက် တွန်းအားတစ်ရပ် ဖြစ်စေခဲ့ပါတယ်။



အကောင်းဆုံး မြန်မာ့ရုပ်ရှင်
ဒါရိုက်တာဆု ဝိုင်း
စေတန်ရဲ့ ကချေသည်



အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ
မင်းဦး။

**အကောင်းဆုံးအမျိုးသမီး**
**ဇာတ်ဆောင်ဆုရှင် ဝတ်မှုန်ရွှေရည်**
**နှင်စေရင် ရုပ်ရှင်ဇာတ်ကား**

အဖိုးမဖြတ်နိုင်တဲ့ အကယ်ဒမီပါရှင်။ ကျွန်မကိုလက်ခံချစ်ခင်ပေးတဲ့ ပရိသတ်ကြီးအတွက် ရွှေစင်ရုပ်ဆုနဲ့ကျေးဇူးဆပ်ခွင့်ရပါပြီ။ နှင်စေရင် ဇာတ်ကားက ကျွန်မဘဝရဲ့ စိန်ခေါ်မှုတစ်ခု။ ဇာတ်ကား ကြည့်ဖူးတဲ့သူတိုင်းကျွန်မဘယ်လောက်ကြိုးစားထားတယ်ဆိုတာ တွေ့မြင်မှာပါ။ ဝတ်ရည်ချိုဘဝမှာရော ဂါဂါရဲ့ဘဝမှာရော သဏ္ဍာန်တူကြိုးစားခဲ့တယ်။ စိတ်ရောကိုယ်ရော နှစ်ပြီးအားထုတ်တယ်။ ပညာပေးဇာတ်လမ်းလေးတစ်ခုဖြစ်သလို ကာရိုက်တာအပြင်းဖြစ်လို့ အများကြီး သင်ယူခွင့်ရခဲ့တယ်။ အဓိကကတော့ ကျွန်မကိုယုံကြည်ပြီး ပါဝင်သရုပ်ဆောင်စေခဲ့တာကို ကျေးဇူးတင်ပါတယ်။ ဂါဂါအနေနဲ့ သရုပ်ဆောင်ချိန်မှာ ပရိသတ်ကြီးအထင်လွဲမှာကို စိုးရိမ်စိတ်အနည်းငယ်ဖြစ်ခဲ့ပေမယ့် အနုပညာသမားဆိုတာ မိမိလုပ်ဆောင်ရမယ့် ကျရာဇာတ်ရုပ်ကနေ အကောင်းဆုံးသရုပ်ဆောင်နိုင်ရမယ်ဆိုတာနှလုံးသွင်းပြီး ဆရာသမားတွေခိုင်းတဲ့အတိုင်း လုပ်တဲ့အတွက် ဆရာသမားတွေ ကျေးဇူးနဲ့ရရှိခဲ့တာပါ။

**အကောင်းဆုံး**
**အမျိုးသား ဇာတ်ဆောင်ဆု ပြေတီဦး**
**နှင်စေရင် ရုပ်ရှင်ဇာတ်ကား**

ဇာတ်ကားတိုင်းမှာ ကျွန်တော်တတ်စွမ်းသမျှကြိုးစားခဲ့ပါတယ်။ အချစ်ရော၊ ဒရာမာရော၊ ရိုမန့်တစ်ရော၊ ဟာသရော အားလုံးအတူတူ သရုပ်ဆောင်ခဲ့တာပါ။ အကယ်ဒမီသုံးခုရှိပါပြီ။ အားလုံးက ရတနာသုံးပါးနဲ့မိဘဆရာသမားတွေ ကျေးဇူးကြောင့်ပါ။ ဒီနှစ်ကျွန်တော်ပါတဲ့ဇာတ်ကားတွေ အကယ်ဒမီဆန်ခါတင်ထဲပါလာတော့ မျှော်တော့မျှော်လင့်ထားခဲ့တယ်။ ကျွန်တော်ကြိုးစားခွင့်ရရှိပြီး ကံကောင်းခဲ့သလို အနုပညာရှင်အားလုံးနဲ့ မိဘပြည်သူတွေအားလုံးကို ကံကောင်းခြင်းတွေရရှိပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



အကောင်းဆုံးအမျိုးသမီး
ဇာတ်ဆောင်ဆုရ ဝတ်မှုန်ရွှေရည်။

ကျွန်တော့်အစ်ကိုတစ်ယောက်ပြောခဲ့တာရှိပါတယ်။ လူတစ်ယောက်စီမှာ ကံဇာတာရှိသလို နိုင်ငံတစ်နိုင်ငံမှာလည်း ကံဇာတာဆိုတာရှိတယ်။ လာမယ့် ၂၀၁၅ ခုနှစ်ကနေစတင်ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံကြီးတစ်ခုလုံး အောင်မြင်ကြီးပွားပြီး အကောင်းတကာ့အကောင်းဆုံး ကံဇာတာကိုရောက်ရှိပြီး လိုရာဆန္ဒတွေ ပြည့်ဝပါစေလို့ ဆုတောင်းပါတယ်။ တစ်ချိန်က မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ မြန်မာစာ မြန်မာစကားအစီအစဉ်မှာ စတင်ပါဝင်ခွင့်ရရှိတဲ့ အချိန်ကနေ အခုအချိန်အထိ အခက်အခဲတွေ အများကြီးဖြတ်ကျော်ခဲ့ရပါတယ်။ နယ်ပယ်တိုင်းမှာ အခက်အခဲဆိုတာ ရှိပါတယ်။ လူတိုင်းလူတိုင်း အခက်အခဲတွေကိုကျော်ဖြတ်ပြီး ဘဝအမောတွေ ပြေနိုင်ကြပါစေ----။ **(မြန်မာ့အလင်း)**



အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ ပြေတီဦး။





အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုရ ဝတ်မှုန်ရွှေရည်အား အားပေးနှုတ်ဆက်ကြသည့် အနုပညာရှင် မောင်နှမများကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)



အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ မင်းဦးအား အားပေးနှုတ်ဆက်ကြသည့် အနုပညာရှင် မောင်နှမများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)







ဥပဒေရေးရာ

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ပညာရေးကဏ္ဍ

ဒေါက်တာရင်ရင်နွယ်

နိုင်ငံတစ်နိုင်ငံအနေဖြင့်၊ လူ့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ကမ္ဘာ့မိသားစုအတွင်း သိက္ခာရှိရှိရှင်သန်နိုင်ရေး၊ စနစ်ကျသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်သိသော၊ တာဝန်ယူနိုင်သော နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရေးအတွက် အနာဂတ်ကိုပိုင်ဆိုင်သည့် မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ရန်လိုအပ်ပါသည်။ ထိုသို့ ပြုစုပျိုးထောင်ရန်အတွက် ခိုင်မာသည့် ပညာရေးစနစ်တစ်ရပ် ပိုင်ဆိုင်ထူထောင်ထားနိုင်ရေးမှာ အဓိကအကျဆုံးဖြစ်ပါသည်။ ယနေ့ကျွန်မတို့မြန်မာနိုင်ငံသည်လည်း လက်ရှိဖြစ်ထွန်းလာသော ဖြေလျှော့ပေးမှုများနှင့်အတူ ပေါ်ပေါက်လာသည့် နိုင်ငံရေးပွင့်လင်းမှုအခွင့်အလမ်းများကို အခြေခံပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းအကောင်အထည်ဖော်နေသည့်ကာလလည်း ဖြစ်ပါသည်။ ဤဖြစ်စဉ်တွင် အင်အားစုမျိုးစုံ ပါဝင်ခွင့်ရခြင်းပင်လျှင် အပေါင်းလက္ခဏာဆောင်သော နိုင်ငံရေးဖြစ်ထွန်းမှုဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏အနာဂတ်ကိုပုံဖော်မည့် ပညာရေးစနစ်တစ်ရပ်ပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ရှုမြင်မှုများ၊ ချဉ်းကပ်မှုများ၊ မှန်ကန်တည့်မတ်ရန်အလွန်တရာမှပင် အရေးကြီးလှပါသည်။ မှန်ကန်တည့်မတ်သည်ဟုဆိုရာ၌ မြန်မာ့ပညာရေးသမိုင်းတွင် လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်ယိုယွင်းချွတ်ချော်မှုများကို သမိုင်းသင်ခန်းစာများအနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ထိုသမိုင်းဝန်ထုပ်ဝန်ပိုးများကြောင့်ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များ အဟန့်အတားဖြစ်စေမည့် ကိစ္စရပ်များကိုမူ ရှောင်လွှဲနိုင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ရှုမြင်မှုအနေနှင့် အနာဂတ်ကာလတွင် ပြည်သူအားလုံးက မြင်တွေ့လိုသော ပညာရေး စနစ်တစ်ရပ်ကို ဘုံရည်မှန်းချက်အဖြစ်ထားရှိပြီး ရှိရင်းစွဲပြဿနာများကို အပြုသဘောဖြင့် ကိုင်တွယ်ဖြေရှင်းလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်နိုင်မှသာလျှင် လက်ရှိပညာရေးစနစ်ထဲတွင် ရောက်ရှိနေသော ကျောင်းသား လူငယ်များမနစ်နာမည့်၊ အနာဂတ်အတွက်အကျိုးရှိမည့် ပညာရေးနှစ်တစ်ရပ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ပါဝင်ပတ်သက်နေသော အင်အားစုအသီးသီးအနေနှင့် အနာဂတ်ကို မျှော်မှန်းနိုင်သည့် ဘုံရည်မှန်းချက်များကို အခြေခံသည့် ညှိနှိုင်းအဖြေရှာမှုများဖြင့် အရေးတကြီး လုပ်ဆောင်ရမည့် အချိန်အခါပင်ဖြစ်ပါသည်။

လတ်တလော ဆွေးနွေးငြင်းခုံမှုများပြားနေသည့် အမျိုးသား ပညာရေးဥပဒေနှင့် ပညာရေးကဏ္ဍ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည့် ကိစ္စများအပေါ်တွင် ကျောင်းသားများနှင့်မီဒီယာများ၏ စိတ်ဝင်စားမှု မြင့်တက်လာသည်နှင့်အမျှ မတူညီသည့်သဘောထားများကို ရှုထောင့်အသီးသီးမှနေ၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနေကြသည့်ကိစ္စမှာ ကြိုဆိုရမည့်ကိစ္စဖြစ်ပါသည်။ ကျွန်မကိုယ်တိုင်လည်း နှစ်ပေါင်း ၂၀ခန့် ရန်ကုန်တက္ကသိုလ်တွင် ဆရာမဖြစ်ခဲ့သောကြောင့် ယခုအခါတွင်လည်း ကျောင်းသားများ၏ရှုထောင့်ကို နားလည်စဉ်းစားပေးရန်လိုအပ်သည်ဟု မြင်ပါသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် ဟောပြောပွဲနှစ်ခုတွင် ကျွန်မအနေနှင့် ပညာရေးကဏ္ဍနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကိစ္စများကိုဆွေးနွေးဖြစ်ခဲ့ပါသည်။ ပထမဟောပြောပွဲမှာ နိုဝင်ဘာလ ၃၀ ရက်နေ့ကဖြစ်ပြီး ဆရာကြီး ဒေါက်တာဦးမြင့်နှင့် ကမ္ဘာကျော်စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ကိုလံဘီယာတက္ကသိုလ်မှ ပါမောက္ခ ရော်နယ်ဖင်းလေး (ယခင် ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့နှင့်အတူ စီးပွားရေးပညာရှင်ပရိသတ်အတွက် စီစဉ်ခဲ့သည့်ဟောပြောပွဲဖြစ်ပါသည်။ ဒုတိယဟောပြောပွဲမှာ ဒီဇင်ဘာလ ၆ ရက်နေ့က ကျင်းပခဲ့သည့် လူထုရေးရာ စီမံခန့်ခွဲအုပ်ချုပ်မှု မဟာသိပ္ပံပါမောက္ခများနှင့်သင်တန်းသားများအတွက် စီစဉ်ခဲ့သည့်ပွဲ ဖြစ်ပါသည်။

ဟောပြောပွဲနှစ်ခုလုံးတွင် ကျွန်မဆွေးနွေးရာ၌ ပညာရှင်ပရိသတ်များအတွက် ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ (Technical Terms) ကို အတော်အသင့်သုံး၍ ဆွေးနွေးခဲ့ပါသည်။ ထိုဆွေးနွေးဟောပြောချက်များကို မီဒီယာများက စိတ်ဝင်တစားရေးသားဖော်ပြခဲ့ကြပါသည်။ ဘာသာရပ်ပိုင်းဆိုင်ရာရှုထောင့်များကို မီဒီယာမှပြည်သူလူထုသိရှိစေရန် ရေးသားဖော်ပြခဲ့ကြသည့်အတွက် မီဒီယာမိတ်ဆွေများကို ကျေးဇူးတင်ရပါသည်။ သို့သော်အချို့ဂျာနယ်များတွင် ရေးသားဖော်ပြရာ၌ ကျွန်မပြောကြားခဲ့သည့်အချက်များကို အပြည့်အစုံမဖော်ပြနိုင်ဘဲ တချို့တစ်ဝက်သာဖော်ပြနိုင်၍ နားလည်မှုလွဲနိုင်စရာဖြစ်လာပါသည်။ ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျောင်းသားများနှင့်သက်ဆိုင်ရာ အကျိုးရှင်များသာမက ပြည်သူလူထုတစ်ရပ်လုံးကပါ စိတ်ဝင်စားနေသည့် "ပညာရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း"နှင့်စပ်လျဉ်း၍ကျွန်မ၏ကိုယ်ပိုင်အမြင်များနှင့်လက်တွေ့အတွေ့အကြုံများကိုအခြေခံ၍ ရေးသားရမည့်တာဝန်ရှိလာပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization) ၏ သဘောသဘာဝကို အဓိကထား၍ ပညာရေး၊ ကျန်းမာရေးနယ်ပယ်တို့တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ကျင့်သုံးသည့်ပုံစံများကို ရေးသားဖော်ပြပါမည်။ စာဖတ်သူများအနေနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ လက်ရှိဆွေးနွေးငြင်းခုံနေသည့် ပညာရေးကဏ္ဍနှင့်လည်းကောင်း အတိုင်းအတာတစ်ခုထိ ဆက်စပ်စဉ်းစားတွေးတောဖွယ်ရာ အချက်အလက်များရရှိလိမ့်မည်ဟု ယူဆပါသည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း(Decentralization)၏သဘော**

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည့်ကိစ္စမှာ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အစရှိသည့်ကဏ္ဍပေါင်းစုံတွင် ဖြစ်နိုင်ပြီး ပုံသဏ္ဌာန်အားဖြင့်လည်း အမျိုးမျိုးရှိသည်ဟု ဆိုရပါမည်။ အပြည်ပြည်ဆိုင်ရာ သုတေသနများ၏ တွေ့ရှိချက်အရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြစ်စဉ်ကို အနည်းဆုံး လေးမျိုးမှ ခြောက်မျိုးအထိ သတ်မှတ်ထားပါသည်။ **လက်တွေ့တွင်မူ တိုင်းပြည်များသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ကျင့်သုံးရာ၌ ပုံစံတစ်မျိုးတည်းမဟုတ်ဘဲ ပုံစံမျိုးစုံရောယှက်၍ အသုံးချကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။**

**ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအဘယ့်ကြောင့်လိုအပ်သနည်း**

အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်သောတိုင်းပြည်များတွင်ပင် ဗဟိုချုပ်ကိုင်မှုလျှော့ခြင်းကို အတိုင်းအတာတစ်ခုအထိ ပြုလုပ်ရသည်ကိုတွေ့ရပါသည်။ အဘယ့်ကြောင့်နည်း။ တိုင်းပြည်ကိုအုပ်ချုပ်ရာ၌ တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို မည်သည့်ဗဟိုအဖွဲ့ကမျှ တစ်ဖွဲ့တည်း တစ်ဦးတည်း အုပ်ချုပ်၍မရသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဗဟိုအဖွဲ့အစည်းအနေဖြင့် အောက်ခြေအဆင့်ဆင့် အဖွဲ့အစည်းများကို တာဝန်များမလွှဲအပ်ဘဲ ဆောင်ရွက်၍မရသဖြင့် ဗဟိုချုပ်ကိုင်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချထားရပါသည်။ **သို့ဖြစ်ရာ လက်ရှိတွင် နိုင်ငံရေးသမားများ၊လူမှုရေးအဖွဲ့အစည်းများနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်ကို စိတ်ဝင်စားကြသည့်အဖွဲ့အစည်းများ၊ ပြည်သူများအနေနှင့် "ဗဟိုချုပ်ကိုင်မှု ထားရှိသင့်၊ မထားရှိသင့်၊" ဆိုသည့်ကိစ္စအစား "မည်သည့်အမျိုးအစားဖြင့် မည်သည့်အတိုင်းအတာအထိ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ကျင့်သုံးကြမည်နည်း" ဆိုသည့်ကိစ္စကို ဆွေးနွေးသင့်ပါသည်။**

**ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဖက်ဒရယ်ကိစ္စ**

ကျွန်မတို့နိုင်ငံတွင် အချို့သောနိုင်ငံရေးသမားများနှင့် မီဒီယာအချို့မှာ ထိုအခေါ်အဝေါ်နှစ်ခုကို ရောထွေးရှုမြင်နေကြသည်ကို တွေ့မြင်ရပါသည်။ အမှန်တကယ်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း ( Decentralization) နှင့် ဖက်ဒရယ်စနစ် ( Federalism) တို့၏ ပညာရပ်ဆိုင်ရာ အနက်အဓိပ္ပာယ်မှာ ကွာခြားပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဖက်ဒရယ်နိုင်ငံမဟုတ်ပါ။ သို့သော် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ကျယ်ပြန့်စွာကျင့်သုံးပါသည်။ မလေးရှားနိုင်ငံမှာမူ ဖက်ဒရယ်စနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်ပါသည်။ သို့သော် မလေးရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံထက် ပို၍ ဗဟိုချုပ်ကိုင်မှုများပြားသည်ကိုတွေ့ရပါသည်။ ဘာသာစကား၊ လူမျိုးနှင့်ကိုးကွယ်မှုများစွာနီးစပ်သော ဤနိုင်ငံနှစ်ခု၏ ဥပမာကိုကြည့်လျှင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဖက်ဒရယ်စနစ်တို့၏ ကွာခြားမှုကို မြင်သာပါလိမ့်မည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချတိုင်းလည်း ဖက်ဒရယ်စနစ်မဟုတ်သလို ဖက်ဒရယ်စနစ်ကျင့်သုံးတိုင်းလည်း ဗဟိုချုပ်ကိုင်မှု လျှော့ကျသွားသည်ဟူ၍ အမြဲမရှိပါ။ **ဖက်ဒရယ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအစရှိသော ကဏ္ဍတစ်ခုခုတွင် ဆုံးဖြတ်ခွင့်အာဏာ (Decision Making Authority ) ကို အောက်အဆင့်သို့ လွှဲအပ်ခြင်းဖြစ်သည်။**

**ပညာရေးကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း**

ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်မှာ ကဏ္ဍတစ်ခုတည်းတွင် မဟုတ် ၊ ပုံစံတစ်မျိုး၊ စနစ်တစ်မျိုးတည်းမဟုတ်ဟု အထက်တွင် ရှင်းလင်းပြခဲ့ပြီးဖြစ်ပါသည်။ ပညာရေးကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရာတွင်လည်း ထိုနည်းတူပင်ဖြစ်ပါသည်။ အချို့သောအစိတ်အပိုင်းများတွင် ဗဟိုချုပ်ကိုင်မှုကို လုံးဝလျှော့ချလိုက်ပြီး အခြားအစိတ်အပိုင်းများကို ဗဟိုမှဆက်လက်ထိန်းချုပ်ထားသည်ကို တွေ့ရပါသည်။ ကျွန်မ၏ လက်တွေ့အတွေ့အကြုံကို တင်ပြလိုပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အခြေခံကျောင်းများနှင့် အခြေခံကျောင်းများမှ ဆရာ ဆရာမများ၏ အုပ်ချုပ်ရေးအပိုင်းကို ခရိုင်အဆင့်သို့ လွှဲအပ်ထားပါသည်။ ပညာရေးမူဝါဒများ၊ နည်းဥပဒေများ၊ စံနှုန်းသတ်မှတ်ချက်များ (ဆရာ၊ ဆရာမများ စာသင်ကြားရန် ခွင့်ပြုချက်၊ အရည်အသွေးသတ်မှတ်ချက် - Standards, teacher certification စသည်ဖြင့်)ကို ဂျကာတာမြို့တော်တွင် ရုံးထိုင်သည့်ဗဟိုအစိုးရက ဆက်လက်ထိန်းချုပ်ထားသည်ကို တွေ့ရပါသည်။ ထို့ပြင် တက္ကသိုလ်များကိုလည်း ဗဟိုချုပ်ကိုင်မှု များပြားသောစနစ်ဖြင့် အုပ်ချုပ်ကိုင်တွယ်ပါသည်။ အခြေခံပညာရေး သင်ရိုးညွှန်းတမ်းများ၏ ၈၀ ရာခိုင်နှုန်းကို ဗဟိုအစိုးရကချုပ်ကိုင်ပြီး ကျန် ၂၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်သို့ လွှဲအပ်ထားပါသည်။

ခြုံ၍ပြောရလျှင် အင်ဒိုနီးရှားဥပမာအရ **ပညာရေးစနစ်တစ်ခုအတွင်းပင်လျှင် ဗဟိုချုပ်ကိုင်မှုအမျိုးမျိုးရှိပြီး မည်သည့်အစိတ်အပိုင်းများကို ဗဟိုထိန်းချုပ်မှုအောက်တွင် ထားရှိမည်။ မည်သည့် အတိုင်းအတာအထိ ဗဟိုချုပ်ကိုင်မှုကို လျှော့ချမည်ဆိုသည့် လေ့လာစရာများကို တွေ့ရမည်ဖြစ်ပါသည်။** အခြားနိုင်ငံများတွင်လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ အတိုင်းအတာအားဖြင့်သာ ကွာခြားပါသည်။ အင်ဒိုနီးရှား ဥပမာကိုပေးရခြင်းမှာ ကျွန်မ၏ လက်တွေ့အတွေ့အကြုံဖြစ်၍ ပေးရခြင်းဖြစ်ပါသည်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၏ ကောင်းကျိုးနှင့်ဆိုးကျိုး**

အထက်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၏ သဘောသဘာဝကို ဥပမာများနှင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ဟောပြောပွဲ၌ ကျွန်မသည် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည်မှာ ဆိုးကျိုးသက်သက်သာဖြစ်သည်ဟု ပြောဆိုခဲ့သည်ဟူသော လိုရာဆွဲပြောဆိုမှုများကိုလည်း ပြန်လည်ကြားသိရပါသည်။ စင်စစ်အားဖြင့်မူ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းမှာ ကောင်းကျိုးဆိုးကျိုးဒွန်တွဲနေသည့်ကိစ္စ ဖြစ်ပါသည်။

ကောင်းကျိုးဆိုရာ၌ ဗဟိုချုပ်ကိုင်မှုလျှော့ချနိုင်သည်နှင့်အမျှ ကျောင်းသား၊ မိဘပြည်သူများနှင့် ပို၍နီးစပ်မှုရှိသော၊ ထိတွေ့မှုရှိသော အောက်ခြေတွင်ရှိသည့် ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများ (Local Decision Makers) သည် ပိုမိုထိရောက်စွာလုပ်ငန်းများဆောင်ရွက်စေနိုင်ခြင်း၊ ကြိုးနီစနစ်များ လျော့ကျအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ ကျောင်းသား၊ မိဘပြည်သူများ၏ဆန္ဒများကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ခြင်းဆိုသည့် ကိစ္စများပင်ဖြစ်ပါသည်။ ဆိုးကျိုးအနေနှင့်မူ စွမ်းဆောင်ရည် (Capacity) အားနည်းသည့်စနစ်များတွင် စီမံခန့်ခွဲအုပ်ချုပ်မှုများ ကျဆင်းခြင်း၊ လုပ်ငန်းစဉ်များကို ပီပြင်စွာ၊ ထိရောက်စွာ အကောင်အထည်မဖော်နိုင်ခြင်း၊ ခြစားမှုများကို ထိန်းသိမ်းရန် ခက်ခဲလာခြင်းတို့ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဗဟိုချုပ်ကိုင်မှုကို ခရိုင်အဆင့်ထိလျှော့ချရန် လက်တွေ့အကောင်အထည်ဖော်ရာ၌ ထိုသို့သော စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရပါသည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍအညံ့ဆုံးဖြစ်သော ပါပူအာပြည်နယ်ရှိ ခရိုင်များ၏ ကျန်းမာရေးမှူး၊ ပညာရေးမှူးတို့ကို ခန့်အပ်ရာတွင် အရည်အချင်းကိုမကြည့်ဘဲ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့်မှ လူကြီးများနှင့် ခင်မင်မှုကိုသာ ကြည့်ခဲ့သည်ဟု အင်ဒိုနီးရှားပညာရှင်များက သုံးသပ်ခဲ့ကြပါသည်။ အခြေခံပညာရေးနှင့်စပ်လျဉ်း၍လည်း ဗဟိုမှချုပ်ကိုင်ထားသည့် နည်းဥပဒေများ လုံလောက်စွာမရှိသဖြင့် အချို့ကျောင်းများတွင် ဘာသာရေးတစ်ဖက်စွန်းရောက်သော အတွေးအခေါ်များကို သင်ကြားပြီး အစွန်းရောက်အကြမ်းဖက်မှုများ ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။ ၂၀၀၄ ခုနှစ်ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့်အတူ ခရီးသွားစဉ် ထိုဝန်ကြီးနှင့်အဖွဲ့က သူတို့အနေနှင့် ဗဟိုချုပ်ကိုင်မှုကို လွန်ကဲစွာလျှော့ချလိုက်မိပြီး လျှော့ချမှုများသွားပြီဟု ကျွန်မကို ပြောပါသည်။

*ဆက်လက်ဖော်ပြပါမည်*

**လတ်တလော ဆွေးနွေးငြင်းခုံမှုများပြားနေသည့် အမျိုးသားပညာရေးဥပဒေနှင့် ပညာရေးကဏ္ဍ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဆိုသည့် ကိစ္စများအပေါ်တွင် ကျောင်းသားများနှင့် မီဒီယာများ၏ စိတ်ဝင်စားမှု မြင့်တက်လာသည်နှင့်အမျှ မတူညီသည့်သဘောထားများကို ရှုထောင့်အသီးသီးမှနေ၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနေကြသည့်ကိစ္စမှာ ကြိုဆိုရမည့် ကိစ္စဖြစ်ပါသည်။**

ပြည်တွင်းသတင်း

# အဆင့်မြင့်ဆက်သွယ်ရေးစနစ်ကိုအသုံးပြုနိုင်သည့် အခွင့်အရေးရရှိခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အပံ့ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၇

ကိုကိုးကျွန်းသည် ရန်ကုန်မှ မိုင် ၂၆၀ ဝေးကွာသည့် ကျွန်းမြို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ အလှပဆုံးကျွန်းတစ်ကျွန်းလည်း ဖြစ်ပါကြောင်း၊ ဝေးလံသည့်ဒေသဖြစ်ခြင်းကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်တွင်လည်း တာဝန်ရှိသည်ဟု ခံယူ၍ လုပ်ဆောင်လျက်ရှိကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် သွားလာမှု အဆင်ပြေစေရေးအတွက် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်မြှင့်တင်ရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးအတွက် ယနေ့ဖွင့်လှစ်သည့် CDMA 800 MHz တယ်လီဖုန်းစနစ်ကို မြန်မာစီးပွားရေးကော်ပိုရေးရှင်းအား တာဝန်ပေးဆောင်ရွက်စေခိုင်းပြီးဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း၌ ကျင်းပပြုလုပ်သော CDMA 800 MHz မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုဖွင့်လှစ်ခြင်းအခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ် ညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် တည်ဆောက်တပ်ဆင်ပုံများအား ရှင်းလင်းတင်ပြသည်။



ကိုကိုးကျွန်းရေလှောင်တမံ ရေထုတ်မြောင်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (မြဝတီ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောတို့က မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲ ဆိုင်းဘုတ်၏ရှေ့တွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်ကို မြို့နယ်ခန်းမအတွင်း ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုကိုးကျွန်းသို့ တပ်မတော်လေယာဉ်များ နှစ်ပတ်တစ်ကြိမ်ပြေးဆွဲ၍ လူ၊ ပစ္စည်းများ အခမဲ့ ပို့ဆောင်ပေးလျက်ရှိကြောင်း အလားတူ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ မြို့သာယာလှပရေးအတွက်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြို့သာယာလှပရေး၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအလုပ်လုပ်ကြရန်လိုပါကြောင်း၊ ယခုလည်း ဆက်သွယ်မှုစနစ် ကောင်းမွန်စေရန်၊ CDMA ဖုန်းဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ အင်တာနက်အပါအဝင် အဆင့်မြင့် ဆက်သွယ်ရေးစနစ်ကို အသုံးပြုနိုင်သည့် အခွင့်အရေးရရှိခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာဗဟုသုတတိုးတက်ပြန့်ပွားရေးကို များစွာအထောက်အပံ့ဖြစ်စေပါကြောင်း၊ အင်းဝဘဏ်ခွဲဖွင့်လှစ်၍ Mobile Money စနစ်နှင့်တယ်လီဖုန်းဖြင့်ငွေပေးပို့ထုတ်ယူခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် အုန်းစိုက်ပျိုးရေးကို စနစ်တကျစီးပွားဖြစ် စိုက်ပျိုးနိုင်ရေးကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ တပ်မတော်အုပ်ချုပ်ရေး အဖွဲ့အစည်းနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သော နယ်မြေတစ်ခုအဖြစ်ရောက်ရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းသည် ရန်ကုန်တိုင်းဒေသကြီး၏ အဝေးဆုံးနှင့် အရွယ်အစား အသေးဆုံးမြို့နယ်ဖြစ်သောကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ တပ်မတော်၏ မေတ္တာ၊ စေတနာ၊ သံယောဇဉ်များနှင့် စားသောက်ရေး၊ နေထိုင်ရေး၊ သွားလာရေးအပါအဝင် အစစအရာရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာကို ဆောင်ရွက်ပေးနေသည့် ကျေးဇူးတရားရှိပါကြောင်း၊ ယခင်ကအခြေအနေထက် များစွာဖွံ့ဖြိုးတိုးတက်ပြီး မြို့တစ်မြို့ကဲ့သို့ဖြစ်ပေါ်ရောက်ရှိလာခြင်းမှာလည်း တပ်မတော်၏ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အစွန်အဖျားကျသော ကျွန်းမြို့ဖြစ်ခြင်းကြောင့် လုံခြုံရေးအရလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက် ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် ရပ်မိ ရပ်ဖ ဦးအောင်ဇော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းကို မိုဘိုင်းဖုန်းဖြင့် စတင်ဆက်သွယ်မှုရယူကာ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ထုတ်လုပ်သော မြင်းပျံတံဆိပ်ဘိလပ်မြေ ၂၀၀၀ အိတ်နှင့် Tri Star သွပ်ပြား အချပ် ၁၀၀၀ အား ပေးအပ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ကလည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တပ်မတော်သား မိသားစုများအတွက် MECTEL CDMA 800 MHz အထိုင်ဖုန်း၊ လက်ကိုင်ဖုန်း၊ ဆင်းမ်ကတ်၊ ငွေဖြည့်ကတ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ မြို့မိမြို့ဖ ဦးရွှေဘော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ ဒုတိယဗိုလ်မှူးကြီး စိုင်းသက်နိုင်တို့က လည်းကောင်း အသီးသီးလက်ခံယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MECTEL CDMz 800 MHz အထိုင်ဖုန်း၊ လက်ကိုင်ဖုန်း၊ ဆင်းမ်ကတ်၊ ငွေဖြည့်ကတ်နှင့် စားသောက်ဖွယ်ရာများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ချမ်းငြိမ်းက လက်ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခန်းမပြင်ပတွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကိုကိုးကျွန်းဒေသလူမှုစီးပွားဘဝတိုးတက်ရေးအတွက် တပ်မတော်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာကိုကိုးကျွန်းအတွက် အဓိကလိုအပ်သည့် လမ်းပန်းဆက်သွယ်မှုလွယ်ကူအဆင်ပြေရေးအတွက် တပ်မတော်မှ လေယာဉ်၊ ရေယာဉ်များဖြင့် စီစဉ်စေလွှတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်အတွင်း လေယာဉ် ၂၇ ခေါက်၊ ရေယာဉ်ဖြင့် ၂၂ ခေါက်ပို့/ကြို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ဖွင့်လှစ်သည့် CDMA 800 MHz Mobile ဆက်သွယ်ရေးဝန်ဆောင်မှုအနေဖြင့်လည်း ငွေကြေးအမြတ်စွန်းအတွက် မရည်ရွယ်ဘဲ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေအနေဖြင့် ကျပ်သန်း ၃၀၀ကျော် သုံးစွဲထားကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အတူ အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်၊ လေယာဉ်ပြေးလမ်းလှိုင်းကာနံရံ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ကိုကိုးကျွန်းရေလှောင်တမံရေထုတ်မြောင်းတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ကိုကိုးကျွန်း Jetty အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များအပါ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ် နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ရွှေဖုံးမှ

လည်ပတ်ကြမည်ဖြစ်သည်။ MV Silver Winds သင်္ဘောသည် ဒီဇင်ဘာ ၃၀ ရက် နံနက်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ခရီးဆက်လက်ထွက်ခွာမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အခြေစိုက်ကုမ္ပဏီမှ MV Volendam သင်္ဘောသည် သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည်။ Destination Asia ကုမ္ပဏီက စီစဉ်သည့် ခရီးသည် ၁၂၅၉ ဦး လိုက်ပါလာသော အဆိုပါ သင်္ဘောကြီးသည် ဒီဇင်ဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ လန်ကာဝီ ဆိပ်ကမ်းသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်း-ခင်ချိုဝင်း**
**ဓာတ်ပုံ - ဇော်မင်းလတ်**

## စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ်များ ဖမ်းဆီးရေး စီမံချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၈၈ စီး ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၂၇

ရန်ကုန်မြို့အတွင်းတွင် ပြိုင်ကားများနှင့်ပါဝါအိတ်ဇောတပ်မော်တော်ယာဉ်များ စည်းကမ်းမဲ့စွာ မောင်းနှင်မှုကြောင့် အသံများဆူညံစေပြီး အများပြည်သူ၏ စိတ်နှလုံးကိုထိခိုက်စေသဖြင့် ထိရောက်စွာအရေးယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က စီမံချက်ချမှတ်၍ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်မှ ၁၇ ရက်အထိ စည်းကမ်းမဲ့ပြိုင်ကားနှင့် ပါဝါအိတ်ဇောတပ် မော်တော်ယာဉ် စုစုပေါင်း ၈၅ စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ ပူးပေါင်း၍ စီမံချက်ကို အရှိန်အဟုန်မြှင့်ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်ညပိုင်းက ရန်ကုန်မြို့တွင်း စည်းကမ်းမဲ့စွာ မောင်းနှင်နေသော ပါဝါအိတ်ဇောတပ် မော်တော်ယာဉ်သုံးစီးကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း လမ်းစည်းကမ်းအရ အရေးယူ ဆောင်ရွက်မည့်အပြင် ယာဉ်မှတ်ပုံတင်လိုင်စင် ရှိ/မရှိ စိစစ်ပြီး ယာဉ်မှတ်ပုံတင်မရှိသော မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က စည်းကမ်းမဲ့ယာဉ်များကိုသာ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြရန် အသိပေးကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒီဇင်ဘာ ၂၇ ရက် ထုတ်ပြန်ထားချက်အရ သိရသည်။

**စိုးဝင်း(SP)**


## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ၂၃၀ ကေဗွီ၊ မြောင်းတကာပင်မ ဓာတ်အားခွဲရုံ၌ 100 MVA Transformer တိုးချဲ့ခြင်းလုပ်ငန်းမှ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် (၂၈-၁၂-၂၀၁၄) ရက်နေ့ ည ၂၂း၀၀ နာရီမှ စတင်၍ (၂၉-၁၂-၂၀၁၄) ရက်နေ့ နံနက် (၀၆း၀၀) နာရီအထိ ၈ နာရီကြာ ဓာတ်အားပိတ်၍ အပြီးသတ်လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။ ယင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ၂၃၀ ကေဗွီ၊ ဝါးတရာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ရွှေပြည်သာမြို့နယ်သည် (၂၈-၁၂-၂၀၁၄) ရက်နေ့ ည (၂၂း၀၀) နာရီမှစတင်၍ (၂၉-၁၂-၂၀၁၄) ရက်နေ့ နံနက် (၀၆း၀၀) နာရီအထိ ၈ နာရီကြာ ဓာတ်အားပြတ်တောက်မည်ဖြစ်သည်။ ထို့အပြင် ၂၃၀ ကေဗွီ၊ လှိုင်သာယာပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ အေးရွာ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များ၌ အချိန်ပိုင်းအလိုက် ခေတ္တဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်ရခြင်းမှာ ဓာတ်အားစနစ်နှင့် ဆက်သွယ်ရန်ဆောင်ရွက်ခြင်းဖြစ်ပြီး ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးနှင့်ဓာတ်အားစနစ် တည်ငြိမ်စိတ်ချရမှုအတွက် ဆောင်ရွက်ရခြင်းဖြစ်၍ ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန် ပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**


**နိုင်ငံဘက်စုံတည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အသွင်တူအနက်ကွဲ စကားလုံးများ(၁)

မောင်ခင်မင်(ဓနုဖြူ)

"သမီးတစ်ခုစဉ်းစားမိလို့ပါ ဘဘ"

"ဘာပါလိမ့် သမီးရယ်"

"ဟိုနေ့က ဘဘရှင်းပြတဲ့ အနက်ပွားစကားလုံးအကြောင်းမှာ စကားလုံးတွေက အဓိပ္ပာယ်ချင်းဆက်စပ်နေတယ်လို့ သမီးနားလည်ပါတယ်"

"ဟုတ်တယ်လေ။ 'ထမင်းစား'နဲ့ 'လာဘ်စား'မှာ 'စား'ရဲ့အဓိပ္ပာယ်လည်း ဆက်စပ်နေတာတို့ ပျံတဲ့ငှက်နဲ့ ငှက်သမွန်နဲ့ 'ငှက်' ချင်း ဆက်စပ်နေတာတို့ ဘဘပြောတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ။ သမီးစဉ်းစားမိတာက အဲဒီလို အဓိပ္ပာယ်ချင်း မဆက်စပ်ဘဲ အသံတူရုံပဲတူနေတဲ့ စကားလုံးမျိုးတွေလည်း ရှိတယ်ထင်လို့ပါ"

"ပြောပါဦး။ ဘယ်လိုစကားလုံးမျိုးတွေပါလိမ့်"

"'တောင်'ဆိုရင် 'တောင်ကုန်း' ကို လည်း ခေါ်တယ်။ 'တောင်ဘက်အရပ်' ကိုလည်း ခေါ်တယ်မဟုတ်လား ဘဘ။ အဲဒီ 'တောင်' နှစ်ခုဟာအဆက်အစပ် မရှိဘူးထင်လို့ပါ။ တောင်တွေအားလုံး တောင်ဘက်မှာရှိတာမှ မဟုတ်တာလေ"

"တော်တယ်ဟေ့။ သမီးက အကျိုးနဲ့အကြောင်းနဲ့စဉ်းစားတတ်တယ်။ ဟုတ်တယ် သမီးပြောသလိုဘဲ 'တောင်ကုန်း' နဲ့ 'တောင်အရပ်' နဲ့ အဆက်အစပ်ရှိပုံမရဘူးလေ။ ဒါ့အပြင် နောက်ထပ် 'တောင်' တစ်ခုရှိသေးတယ်။ ၁၈ လက်မ တစ်တောင်ဆိုတဲ့ 'တောင်' လေ။ အဲဒီ 'တောင်' ကလည်း 'တောင်ကုန်း' တွေ 'တောင်' အရပ်တွေနဲ့ အဆက်အစပ်မရှိပါဘူး"

"အဲဒီစကားလုံးမျိုးတွေကို ဘယ်လိုခေါ်ပါသလဲ ဘဘ"

"အဲဒီလို စကားလုံးတူရုံတူပြီး အဓိပ္ပာယ်ချင်း မဆက်စပ်တဲ့စကားလုံးတွေကို 'အသွင်တူအနက်ကွဲ' စကားလုံးတွေလို့ ခေါ်နိုင်ပါတယ်။ မြန်မာစကားမှာ 'သံတူကြောင်းကွဲ' ဆိုတဲ့ အခေါ်လည်းရှိတယ်။ အင်္ဂလိပ်လိုတော့ ' homonym ' လို့ ခေါ်တယ်ကွဲ့"

"မှတ်ထားပါ့မယ် ဘဘ"

"ဒါဆိုရင် အဲဒီစကားလုံးတွေနဲ့ အနက်ပွားစကားလုံးတွေက အဓိပ္ပာယ် အဆက်အစပ်မရှိတာနဲ့ ရှိတာပဲ ကွာတာပေါ့နော်"

"ဟုတ်တာပေါ့ကွယ်။ ကဲ သမီးကိုမေးရဦးမယ်။ သမီးပြောတဲ့ 'တောင်' ကိုပဲ အသွင်တူ အနက်ကွဲစကားလုံးတွေ မြန်မာစကားမှာတော်တော်များများ ရှိတယ်ကွဲ့။ ဥပမာ 'တူ' ဆိုပါတော့ကွယ်။ 'တူ'လို့ အသံထွက်တဲ့ စကားလုံးနှလုံးတောင်ရှိသလဲ။ ဆွေမျိုးတူရယ်၊ သံရိုက်တဲ့တူရယ်၊ ထမင်းစားတဲ့တူရယ်၊ တူရာသီရယ်၊ တူညီတဲ့ တူရယ် ငါးလုံးတောင်ရှိတယ်နော်။ အဲဒီတူတွေရဲ့ အဓိပ္ပာယ်တွေက တစ်ခုနဲ့တစ်ခု အဆက်အစပ်မရှိဘူးလေ"

"ဘဘ။ အဲဒီ 'တူ' အားလုံး မြန်မာစကားလုံးတွေချည်းပဲလား"

"ဒါလည်းမေးဖို့ကောင်းတာပဲ။ ဆွေမျိုး 'တူ' ရယ် သံရိုက်တဲ့ 'တူ'ရယ် တူညီတဲ့ 'တူ' ရယ်ကတော့ မြန်မာတွေ အစဉ်အဆက်သုံးလာတဲ့ မြန်မာစကားလုံးတွေလို့ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"တူရာသီ ဆိုတဲ့တူကတော့ ပါဠိစကားလုံး 'တုလာ'ကို မြန်မာမှုပြုထားတာပါ။ 'တုလာ' ဆိုတာ 'ချိန်ခွင်' လို့ အဓိပ္ပာယ်ရတယ်။ နက္ခတ်ဆိုတဲ့ ကောင်းကင်က ကြယ်တာရာတွေကို လေ့လာပြီး တစ်နှစ်မှာ ဆယ့်နှစ်ခု ပိုင်းခြားထားတယ်။ ဆယ့်နှစ်ရာသီလို့ ခေါ်တာပေါ့။ ရာသီအလိုက် မြင်ရတဲ့ ကြယ်တွေကိုလည်း အရုပ်တွေအဖြစ်မြင်ပြီး သတ်မှတ်ထားတယ်။ ရာသီရုပ်လို့ခေါ်တာပေါ့။ အဲ. . . သီတင်းကျွတ်လမှာ မြင်ရတဲ့အရုပ်ဟာ ချိန်ခွင်ကိုင်ထားတဲ့ ယောကျ်ားရုပ်တဲ့။ ဒါကြောင့် အဲဒီရာသီကို 'တူရာသီ' လို့ ခေါ်တာပေါ့ကွယ်"

" ခက်တော့ခက်တယ်နော်၊ သမီးမှတ်ထားပါ့မယ် ဘဘ"

"အဲ . . . ထမင်းစားတဲ့ 'တူ' ကတော့ တရုတ်စကား zhu ကို မြန်မာမှုပြုထားတာပေါ့ကွယ်"

"စိတ်ဝင်စားစရာပဲနော် ဘဘ။ ဒီလိုဆိုရင် တခြားဘာသာစကားက ယူတဲ့ စကားလုံးတွေနဲ့ မြန်မာစကားလုံးတွေ တူနေတာမျိုးလည်း ရှိတာပေါ့နော်"

"ဟုတ်တယ်။ ခုပဲကြည့်လေ။ မြန်မာ 'တူ' ရယ်၊ ပါဠိ 'တူ' ရယ်၊ တရုတ် 'တူ'ရယ် မြန်မာစကားထဲမှာ လာတူနေတယ်။ ဟုတ်လား။ နိုင်ငံချင်း လူမျိုးချင်းဆက်သွယ်တော့ ဘာသာစကားချင်းလည်း ဆက်သွယ်မိပြီး ဘာသာစကားတစ်ခုတည်းက စကားလုံးတွေ တခြားဘာသာစကားထဲဝင်လာတတ်တာ သဘာဝပဲပေါ့ကွယ်၊ နောက်ဥပမာတစ်ခုပေးရရင် 'ပိုက်' ဆိုပါတော့"

" ဟုတ်ကဲ့ပါ "

"ကဲ. . . သမီးသိတဲ့ 'ပိုက်' တွေ ပြောကြည့်ပါဦး"

"ဟုတ်ကဲ့ပါ။ ငါးဖမ်းပိုက်ရယ် ပြီးတော့ သမီးတို့မိန်းကလေးတွေ ဆံထုံးမှာအုပ်တဲ့ ပိုက်ရယ်၊ ပြီးတော့ ဘော်လီဘော ပိုက်ကျော်ခြင်းတို့ ကစားရင် အလယ်ကခြားထားတဲ့ ပိုက်ရယ်၊ ပြီးတော့ သံပိုက်လုံးတို့ ပလတ်စတစ်ပိုက်

> "တူရာသီ ဆိုတဲ့တူကတော့ ပါဠိစကားလုံး "တုလာ"ကို မြန်မာမှုပြုထားတာပါ။"တုလာ" ဆိုတာ "ချိန်ခွင် " လို့ အဓိပ္ပာယ်ရတယ်။ နက္ခတ်ဆိုတဲ့ ကောင်းကင်က ကြယ်တာရာတွေကို လေ့လာပြီး တစ်နှစ်မှာ ဆယ့်နှစ်ခု ပိုင်းခြားထားတယ်။ ဆယ့်နှစ်ရာသီလို့ခေါ်တာပေါ့။ ရာသီ အလိုက် မြင်ရတဲ့ ကြယ်တွေကိုလည်း အရုပ်တွေအဖြစ်မြင်ပြီး သတ်မှတ်ထားတယ်။ ရာသီရုပ်လို့ ခေါ်တာပေါ့။

တွေ သမီးဘယ်လောက် သတိထားမိသလဲ။ စဉ်းစားပြီး ပြောကြည့်စမ်းပါ"

"ဟုတ်ကဲ့။ 'တူ' ဆိုတာ ဆွေမျိုးတော်တဲ့ 'တူ' ကိုလည်း ခေါ်ပါတယ် ဘဘ"

"ဘယ်လိုဆွေမျိုးတော်တာလဲ သမီးရဲ့"

" အင်း. . . အစ်ကိုရဲ့သား၊ အစ်မရဲ့သားကို တူလို့ ခေါ်တာပေါ့" ဪ. . . ပြီးတော့ ညီရဲ့သား၊ မောင်ရဲ့သားလည်း 'တူ' ပဲလေ"

" ဟုတ်ပြီ။ ညီအစ်ကို မောင်နှမရဲ့သားလို့ အဓိပ္ပာယ်ရတဲ့ စကားလုံးပေါ့။ ပြီးတော့ကောကွယ်"

" ပြီးတော့. . . သမီးသိပြီ။ ထုတဲ့တူကိုလည်း ခေါ်သေးတယ်။ သံရိုက်တဲ့ တူလေ"

"ဟုတ်ပြီ။ ထုရိုက်ဖို့ သံတုံးမှာ လက်ကိုင်တပ်ထားတဲ့ပစ္စည်းပေါ့ကွယ်။ ပြီးတော့ကော"

"အင်း. . . သမီးမစဉ်းစားတတ်တော့ဘူး ဘဘ"

" သမီးသိတဲ့ 'တူ' ရှိပါသေးတယ်။ စားသောက်ဆိုင်တွေမှာလေ"

"ဪ. . . ခေါက်ဆွဲစားရင် သုံးတဲ့တူလား ဘဘ"

" အေးပေါ့။ ခေါက်ဆွဲတို့ ထမင်းတို့စားရင်သုံးတဲ့ တုတ်ချောင်းနှစ်ချောင်းကိုလည်း 'တူ' လို့ ခေါ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ"

" နောက် 'တူ' တစ်လုံးကိုတော့ သမီးသိချင်မှ သိမယ်။ သီတင်းကျွတ်လကို 'တူရာသီ' လို့ ခေါ်တယ်ကွဲ့။ ဒီတော့ 'တူ'ဆိုတာ သီတင်းကျွတ်ရာသီရဲ့ နာမည်လို့လည်း အဓိပ္ပာယ်ရတာပေါ့"

" ကဗျာတွေထဲမှာ တွေ့တော့တွေ့ဖူးပါတယ်။ အဓိပ္ပာယ်ကို သမီး မသိပါဘူး ဘဘ။ မှတ်ထားပါ့မယ်"

" နောက်ဆုံး 'တူ' တစ်လုံးကိုတော့ သမီးသိပါတယ်။ ခုနပဲ ဘဘပြောသေးတယ်။ ဒီစကားလုံးမျိုးတွေကို ဘယ်လိုခေါ်တယ်တဲ့လဲ"

" ဪ. . . 'အသွင်တူအနက်ကွဲ' ပါ ဘဘ"

" အဲဒီ 'အသွင်တူ' မှာပါတဲ့ 'တူ' ကရော ဘာအဓိပ္ပာယ်လဲ"

" 'တူညီတယ်၊ ဆင်တူတယ်' ဆိုတဲ့ အဓိပ္ပာယ်ပါ ဘဘ"

" အင်း. . . ဒီတော့ 'တူ'ဆိုတာ ပုံစံတွေ၊ အသံတွေ စသည်ဖြင့် တစ်မျိုးတည်းဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

" ကဲ. . . ဒီတော့ 'တူ'ဆိုတဲ့ စကားလုံးတွေ ခုပြောကြတာ ဘယ်တို့ရယ်. . ."

" ဟုတ်ပြီ ဟုတ်ပြီ။ အဲဒါတွေအားလုံး 'ပိုက်'ချည်းပဲ။ အဓိပ္ပာယ်ချင်း ဆက်စပ်တာတွေလည်းပါတယ်။ မဆက်စပ်တာတွေလည်း ပါတယ်ကွဲ့၊ ကဲ သမီးရေ။ ဆက်စဉ်းစားကြည့်ပါဦး။ အဓိပ္ပာယ်ချင်းဆက်စပ်တာ ဘယ်ပိုက်တွေပါလိမ့် "

" ဟုတ်ကဲ့ သမီးထင်တာတော့ ငါးဖမ်းပိုက်က အရင်းခံစကားလုံးဖြစ်ပြီး ဆံပင်အုပ်တဲ့ ပိုက်နဲ့ ကစားပွဲမှာသုံးတဲ့ ပိုက်က အနက်အဓိပ္ပာယ်ပွားလာတာလို့ ထင်ပါတယ် ဘဘ"

"သံပိုက်လုံးတို့ ပလတ်စတစ်ပိုက်တို့ကရောကွယ်"

"အဲဒီ 'ပိုက်' က Pipe ဆိုတဲ့ အင်္ဂလိပ်စကားကို ယူထားတာမဟုတ်လား ဘဘ။ ဟိုပိုက်တွေနဲ့ အဓိပ္ပာယ်ချင်း မဆက်စပ်ဘူး ထင်ပါတယ်"

"သမီးကို ချီးကျူးပါတယ်ကွယ်။ သမီးက စနစ်တကျ စဉ်းစားတတ်ပါတယ်။"

သမီးပြောသလိုပဲ မြန်မာအဘိဓာန်ထဲမှာလည်း ဖွင့်ထားတယ်။ ဒီမှာကြည့်. . .

(မြန်မာအဘိဓာန်စာအုပ်ကို ကျွန်တော်ကစာအုပ်စင်မှယူပြီး ဖွင့်ပြပါသည်။)

" 'ပိုက်' ဆိုတဲ့စကားလုံးကို အနက်ဖွင့်ရာမှာ အနက် ၁-က သားငါးစသည် အုပ်ဖမ်းရန်ချည်စသော အမျှင်တစ်မျိုးမျိုးဖြင့် အကွက်ဖော်ထားသော 'ကွန်ရက်' တဲ့ ငါးဖမ်းပိုက်ပေါ့။ အနက် ၂-က ဆံထုံးကို အုပ်သည့် 'ကွန်ရက်' တဲ့။ အနက် ၃-ကတော့ 'ကစားပွဲ၌ ခြားကန့်လန့် ကွန်ရက်'တဲ့။ သမီးပြောသလိုပဲ။ အနက်တစ်ခုတည်းက ပွားလာတာမို့ အဲဒီစကားလုံးတွေကို တစ်စုတည်းပြထားတာပေါ့"

"ဟုတ်တယ်နော် ဘဘ"

" နောက် ပိုက်တစ်လုံးကိုတော့ ပြွန်ချောင်း ဆိုပြီး သီးခြားခွဲပြထားတယ်။ Pipe ဆိုတဲ့ အင်္ဂလိပ်စကားက လာကြောင်းလည်း ပြထားတယ်။ စောစောကပြတဲ့ 'ပိုက်' တွေကို အနက်ပွားစကားလုံးမဟုတ်ဘဲ။ အသွင်တူ အနက်ကွဲ စကားလုံးမို့ သီးခြားပြတာပေါ့ကွယ်။ အဲ. . . 'ပိုက်' ကို 'ရင်နှင့်ကပ်လျက်ထားသည်' 'ရင်နှင့်ကပ်လျက် ထိန်းပွေ့သည်' ကိုလည်း နောက်တစ်နက် ဖွင့်သေးတယ်ကွဲ့၊ အဲဒါလည်း အရင်ပိုက်တွေနဲ့ အနက်ချင်း မဆက်စပ်တဲ့ အသွင်တူ အနက်ကွဲပါပဲကွယ်"

"ကဲ. . . ခဏနားရအောင်"

## သတင်းတိုများ

### ရွှေဥမင်ဘုရား တောင်အဆင်းလမ်းဖောက်လုပ်

ပင်းတယ ဒီဇင်ဘာ ၂၇

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်ဘုရား တောင်အဆင်းလမ်းကို မြေသားလမ်း ဖောက်လုပ်ပြီးစီး၍ ယခု ဒီဇင်ဘာ တတိယပတ်မှ၍ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောက်ခင်းလမ်းသည် ပေ ၃၀၀၀ ရှည်ပြီး ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရာတွင် စုစုပေါင်း ငွေကျပ် ၁၂၉ သိန်း ကုန်ကျမည်ဖြစ်ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏လမ်းညွှန်မှုဖြင့် ပင်းတယမြို့နယ် အထောက်အကူပြုကော်မတီမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မိုးမိုးထွေး(ပင်းတယ)

### သီးနှံအထွက်တိုးနှုန်းတိုးတက်ရေး နည်းပညာသင်တန်းဖွင့်

ခန္တီး ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း အစီအစဉ်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် သဘာဝပိုးမွှားရောဂါကာကွယ်ဆေးများ ပြုလုပ်သုံးစွဲခြင်းနှင့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက သီးနှံအထွက် တိုးတက်ရေး နည်းပညာစာအုပ်များကို သင်တန်းသူ သင်တန်းသားများအား ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

### တောင်ငူမြို့ အလက(၁)ကျောင်းဆောင်သစ်ဖွင့်

တောင်ငူ ဒီဇင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊အမှတ် (၂၀) ရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ စတုတ္ထပတ်က ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ် အဆောက်အအုံအား ကျပ်သိန်း ၄၀၀ ကျော် သုံးစွဲကာ ဆောက်လုပ်ခဲ့ပြီး အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(လ/၀၁၉)



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် တရားရုံးတွင် တရားရုံးစာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း ၁/ ၂၀၁၄ ဖွင့်ပွဲကို ဒီဇင်ဘာ စတုတ္ထပတ်က ကျင်းပရာ ခရိုင်တရားသူကြီး ဒေါ်ချိုချိုမာက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ဝန်ထမ်းရေးရာများနှင့် လုပ်ငန်းပိုင်းဆိုင်ရာများအကြောင်း ရှင်းလင်းပြောကြားစဉ်။

ဇော်ဝင်းအောင်(iprd)

### နိုင်ငံသားစိစစ်ရေးကတ် စလင်း၌ထုတ်ပေး

စလင်း ဒီဇင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် လက်မဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသူ ကျေးရွာသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က လက်မဲကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေ၊ မင်းဘူးခရိုင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့ တက်ရောက်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၃၂ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးစောဝင်းလွင်နှင့် ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# Myth Apparel အထည်ချုပ်စက်ရုံမှ အလုပ်သမားများအား လုပ်ခလစာနှင့် နစ်နာကြေးထုတ်ပေး

**လှိုင်သာယာ ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)ရှိ ကနောင်ခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက Myth Apparel အထည်ချုပ်စက်ရုံမှ အလုပ်သမား ၉၀၁ဦးအတွက်လုပ်ခလစာနှင့်နစ်နာကြေးထုတ်ပေးမှု အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် မီဒီယာ များအား ရှင်းလင်းပြောကြားစဉ်။

အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အထည်ချုပ်စက်ရုံ အလုပ်သမားများ၏ ရသင့်ရထိုက်သည့်လုပ်ခလစာနှင့် နစ်နာကြေးပေးအပ်သည့် အခမ်းအနားဖြစ်ပြီး လုပ်ငန်းရပ်ဆိုင်းသွားချိန် သို့မဟုတ် အလုပ်ပိတ်သိမ်းသွားသည့်အချိန်တွင် အလုပ်သမားများအနေဖြင့် နောက်အလုပ်သစ်တစ်ခု ရှာဖွေနေစဉ်ကာလအတွင်း အထောက်အပံ့ဖြစ်စေရန် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးရမည့် ပံ့ပိုးလုပ်ငန်းများကို အလုပ်ရှင်ဘက်က ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက်ဝန်ကြီးဌာနက ကြားဝင်ပြီး ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း။

စက်ရုံ၏ လုပ်ငန်းရှင်ဖြစ်သော ကိုရီးယားလူမျိုး Mr.Go Yon Gon သည် လုပ်သား ၉၀၁ ဦး၏ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာ ၁၈ ရက်စာအတွက် လုပ်ခလစာကို ဥပဒေနှင့်အညီ ခံစားခွင့်ပေးရမည့် စက်ရုံပိတ်ရက် နစ်နာကြေးအပါအဝင် စုစုပေါင်းငွေကျပ် ၂၇၉၄ သိန်းကျော်ကို မပေးချေနိုင်ဘဲ ကိုရီးယားနိုင်ငံသို့ တိမ်းရှောင်သွားသောကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများက ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးကို ဥပဒေနှင့်အညီ အဆင့်ဆင့်ဖြေရှင်းပေးခဲ့ရကြောင်း။

ဝန်ကြီးဌာနအနေဖြင့် တိမ်းရှောင်နေသောအလုပ်ရှင်ကို ပြစ်မှုကြောင်းအရ တရားစွဲဆိုရုံနှင့် ရပ်မထားဘဲ စက်ရုံမှအလုပ်သမားများ၏ စားဝတ်နေရေး အခက်အခဲများ ပြေလည်စေရန် လုပ်ခလစာနှင့် ရပိုင်ခွင့်များကို ဥပဒေကြောင်းအရ ဘယ်လိုဘယ်နည်းဖြင့် ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစား၍အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အလုပ်ရှင်ပိုင်ပစ္စည်းများကို ဝရမ်းဆွဲကပ်ခြင်း၊ လေလံတင်ရောင်းချခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒီဇင်ဘာ ၁၅ ရက်တွင် အထည်ချုပ်စက်ရုံမှ ပစ္စည်းများကို ဥပဒေနှင့်အညီ လေလံတင်ရောင်းချခဲ့ပြီး ဈေးပြိုင်စနစ် ဖြင့် ငွေကျပ်သိန်းပေါင်း ၂၈၈၀ ရရှိခဲ့ပြီး စက်ရုံအလုပ်သမားများအတွက် လက်ကျန်လုပ်ခနှင့် အလုပ်ပိတ်ရက် နစ်နာကြေးကို ယခုကဲ့သို့ အခမ်းအနားဖြင့် ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပြဿနာမျိုးဖြစ်ခဲ့သော Master Sports ဖိနပ်စက်ရုံနှင့် ယခု Myth Apparel အထည်ချုပ်စက်ရုံကဲ့သို့ ထပ်မံမဖြစ်ပွားစေရန် ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်နေပါကြောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားသည် တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်အကျိုးပြုသူများဖြစ်၍ အပြန်အလှန်ယုံကြည်မှုရှိရန်၊ ကတိကဝတ်တည်ရန်၊ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ်တို့ကို လိုက်နာစောင့်ထိန်းရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာနှင့်အလုပ်သမားဝန်ကြီး ဦးဇော်အေးမောင်နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်တို့က အလုပ်သမားများလုပ်ခလစာ ကျန်ငွေနှင့် အလုပ်ပိတ်သိမ်းမှု နစ်နာကြေးပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလုပ်သမား ၉၀၁ ဦး၏ လုပ်ခလစာကျန်ငွေနှင့် အလုပ်ပိတ်သိမ်း နစ်နာကြေးများ ပေးအပ်ခဲ့ပြီး အထည်ချုပ်စက်ရုံ အလုပ်သမားများကိုယ်စား ဒေါ်အိအိစန်းက ကျေးဇူးတင်စကားပြောကြားကာ လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

The Myth Apparel အထည်ချုပ်စက်ရုံမှ လုပ်ခလစာကျန်ငွေနှင့် အလုပ်ပိတ်သိမ်းမှုနစ်နာကြေးငွေကို ထုတ်ယူပြီး၍ ဝမ်းသာပီတိဖုံးနေသော ဒေါ်အိအိစန်းက "ကျွန်မအပါအဝင်အားလုံးက ကျေးဇူးအထူးတင်နေကြပါတယ်။ Master Sports စက်ရုံမှာ ဖြစ်ခဲ့စဉ်က ငါးလကျော်ကြာမြင့်ခဲ့ပေမယ့် ဒီစက်ရုံမှာ တစ်လနဲ့ ၁၇ ရက်သာ ကြာခဲ့တဲ့အတွက် အလုပ်သမားဝန်ကြီးဌာနက လူကြီးတွေ၊ အခွန်ဌာနကလူကြီးတွေ၊ ဌာနဆိုင်ရာလူကြီးတွေကို ကျေးဇူးတင်ရှိပါတယ်။ မျှော်လင့်ချက်မဲ့နေတဲ့လစာကို အခုလိုတစ်ပေါင်းတစ်စည်းတည်းပြန်ရတဲ့အတွက် ပေးစရာရှိတာလေးတွေ ပေးနိုင်ပြီဆိုပြီး မျက်ရည်လည်အောင်ဝမ်းသာနေကြပါတယ်။ အလုပ်သမားဝန်ကြီးနဲ့အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်" ဟုပြောကြားသည်။

ကနောင်ခန်းမ အတွင်းအပြင်တွင် ကောင်တာအလိုက် အလုပ်သမားများအား လုပ်ခလစာငွေကို ထုတ်ပေးလျက်ရှိပြီး အလုပ်သမားများ၏ မျက်ဝန်းအသီးသီး၌ ဝမ်းသာပျော်ရွှင်ပီတိဖုံးလျက်ရှိပြီး နယ်မှ လိုက်ပါလာသော မိဘ၊ ဆွေမျိုးများ၏ ဝမ်းသာကြည်နူးမှုကိုလည်းတွေ့မြင်ရသည်။ အလုပ်သမားတစ်ဦးလျှင် အခြေခံလစာရှစ်သောင်းကျော်ရရှိပြီး အချိန်ပိုဆင်းရပါက ကျပ်တစ်သိန်းကျော်ရကြောင်း၊ ယခုထုတ်ပေးသောလုပ်ခလစာနှင့် နစ်နာကြေးအတွက် တစ်ဦးလျှင် ကျပ်တစ်သိန်းကျော်မှ ငါးသိန်းကျော်ထိရရှိကြပြီး တွံတေးမှလာရောက်ပြီး လုပ်ခလစာ ထုတ်ယူသော အလုပ်သမားခေါင်းဆောင် မအေးခိုင်က "ကျောင်းသားသုံးဦးရှိတယ်။ အမျိုးသားက မြန်မာအမျိုးသားလေကြောင်းမှာ ကားမောင်းတယ်။ ယူထားတဲ့ အကြွေးဆပ်နိုင်တဲ့အတွက် ညဘက်အိပ်လို့ပျော်ပါပြီ။ မျှော်လင့်မထားတဲ့လစာကို ပြန်ရတဲ့အတွက် အလုပ်သမားဝန်ကြီးနဲ့ ညွှန်ချုပ်ကို ဖော်မပြနိုင်အောင် ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာ FDI လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကျွမ်းကျင်မှု၊ အသိပညာအတတ်ပညာများ တိုးတက်လာမည်ဖြစ်သည်။

ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာပြီး



**Myth Apparel အထည်ချုပ်စက်ရုံမှအလုပ်သမားများ လုပ်ခလစာနှင့် နစ်နာကြေးရရှိရန် စောင့်ဆိုင်းနေစဉ်။**

Myth Apparel အထည်ချုပ်စက်ရုံမှ အလုပ်သမားများအား လုပ်ခလစာနှင့် နစ်နာကြေးပေးသော အခမ်းအနားတွင် အလုပ်သမား၊ နိုင်ငံ၏ တည်ဆဲဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာကာ အလုပ်ရှင်နှင့်အလုပ်သမားတို့ ရင်းနှီးပွင့်လင်းစွာဖြင့် ပူးပေါင်းဆောင်ရွက်သည်နှင့်အမျှ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းပြီး ကုန်ထုတ်စွမ်းအားတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သန်းထိုက်(လှိုင်သာယာ)**

## မူလတန်းကျောင်းသားများအတွက် ကျောင်းဝတ်စုံထောက်ပံ့မှုအစီအစဉ် ၂၀၁၅ ကျောင်းဖွင့်ရာသီတွင် စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပညာရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံထောက်ပံ့မှု အစီအစဉ် စတင်သွားမည်ဖြစ်ကြောင်းသိရသည်။

"ဒီအစီအစဉ်ကို လာမယ့်နှစ် ကျောင်းဖွင့်ချိန်မှာ စတင်သွားမှာ ဖြစ်ပါတယ်။ သူငယ်တန်းကနေ စတုတ္ထတန်းအထိ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျောင်းသား ကျောင်းသူတိုင်းကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်"ဟု ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ပြော ကြားသည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သူငယ်တန်းမှစတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၅၇ သိန်းကျော်ရှိပြီး ကျောင်းဝတ်စုံထောက်ပံ့မှုအတွက် ငွေကျပ်သန်းပေါင်း ၇၁၀၀ ကျော် အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါကျောင်းဝတ်စုံထောက်ပံ့မည့်အစီအစဉ်တွင် အခြေခံပညာအမှတ်(၁)(၂)၊ (၃)နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ရှိ မူလတန်းကျောင်းအားလုံးပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ် ကျောင်းဖွင့်ရာသီမှ စတင်ကာ ကျောင်းဝတ်စုံများကိုပါ ထောက်ပံ့သွားမည်ဖြစ်သည်။

**မိုးသူဇာစိုး**

## မိုးမောက်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၅ ပြား ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မိုးမောက်မြို့နယ် စိန်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်က မိုးမောက်မြို့နယ် စိန်လုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ လွယ်ဂျယ်ဘက်မှ ဗန်းမော်ဘက်သို့ အားဝေ မောင်းနှင်ပြီး မောင်စိုးလိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၅ ပြား သိမ်းဆည်းရမိသဖြင့် အားဝေ(၂၃နှစ်)နှင့် မောင်စိုး (၂၆နှစ်) တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ




### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၅/၂၀၁၄-၂၀၁၅)

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်လက်အောက်ရှိ ဟသ်ာတ၊ ဇလွန်၊ အင်္ဂပူမြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းမျိုးစုံနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းမျိုးစုံအား သက်ဆိုင်ရာ လမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဟသ်ာတခရိုင်၊ အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁-၁-၂၀၁၅ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁-၂၀၁၅ ရက်၊ ၁၁:၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟသ်ာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟသ်ာတမြို့။
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၁-၂၀၁၅ ရက်၊ ၁၃:၃၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁-၁-၂၀၁၅ ရက်မှ ၅-၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဟသ်ာတခရိုင်**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဖုန်း-၀၄၄-၂၀၀၃၃**

# ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို ညနေ ၅ နာရီတွင် စတင်ကျင်းပရာ ရွှေနတ်သမီးအဖြစ် မော်ဒယ်သရုပ်ဆောင် ခိုင်သဇင်ယုဝါက ကြယ်စင်ကို သယ်ဆောင်လာပြီး စည်သူဒေါက်တာ ဗိုလ်ကလေးတင့်အောင်က စင်မြင့်တွင် စိုက်ထူပေးကာ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပန်ကြားတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူးများက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ မကြေညာမီ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု နောက်ခံသမိုင်းကြောင်း အကျဉ်းချုပ်တင်ပြခြင်း၊ အဖွင့် LED အထူးပြုလုပ်ချက်တင်ဆက်မှု အစီအစဉ်နှင့် အမျိုးသား အမျိုးသမီး ရွှေကြိုးများနှင့် မိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်သည်။ *စာမျက်နှာ ၄ ကော်လံ ၁*

## ၂၀၁၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိမှု

| စဉ် | ဆုအမျိုးအစား | ဇာတ်ကားအမည် | ဆုရရှိသူ |
|---|---|---|---|
| ၁။ | အကောင်းဆုံးရုပ်ရှင်တေးဂီတဆု | ကြယ်စင်မော်ကွန်း | ဂီတမှူး စန္ဒရားတင်ဝင်းလှိုင် |
| ၂။ | အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | စုန်းပြူး | ခိုင်သင်းကြည် |
| ၃။ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | နှင်စေရင် | မင်းဦး |
| ၄။ | အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆု | စေတန်ရဲ့ ကချေသည် | ဒါရိုက်တာဝိုင်း |
| ၅။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | နှင်စေရင် | ဝတ်မှုန်ရွှေရည် |
| ၆။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | နှင်စေရင် | ပြေတီဦး |

# မေခရိုစီးပွားရေး တည်ငြိမ်မှုနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မေခရိုစီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Macroeconomic Stability and Sustainable Development) ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းကစတင်ကာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အမှတ်(၁၁၄) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး *စာမျက်နှာ ၉ ကော်လံ ၁*

**ယနေ့ မာတိကာ**


ငါ့သရောက်နယ်မှ သူရဲကောင်း ပုဂံပိုလ်ချို
ဆောင်းပါး စာ-၁၆

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား လူ့အခွင့်အရေးနှင့်အညီ သာစစ်ဆေးရန် ထိုင်းရဲတပ်ဖွဲ့ သဘောတူ စာ-၂၀


**ကြော်ငြာအချပ်ပိုရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

**ရွှန်းလဲ့တောက်ပ ငွေကြယ်ပွင့်တို့ရဲ့ အကယ်ဒမီည ဆုရရှိသူတို့၏ ရင်ခုန်စကား** စာမျက်နှာ ➤ ၄

**လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ**

**နေပြည်တော် ဒီဇင်ဘာ ၂၇** - ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး ယနေ့ မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)**







မြန်မာ့အလင်း
mmalin.npt @ gmail.com
www.facebook.com/MYANMAALINNNEWS